

BMA

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

## ပဋိပက္ခများအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခံရနိုင်သည့် ပြည်သူများအတွက်

# စစ်ဘေး အန္တရာယ်

- နေအိမ်တွင် ကတုတ်ကျင်း၊ ဗုံးခိုကျင်းတူးခြင်း (သို့) သဲအိတ်များဖြင့် ဗုံးခိုလှုံရန် နေရာများ ဖန်တီးခြင်းတို့ကို ပြုလုပ်ရန်။
- ကတုတ်ကျင်းနှင့် ဗုံးခိုရန်နေရာပြုလုပ်ရန် မလွယ်ကူပါက နေအိမ်တွင် အတွင်းပိုင်းအကျဆုံးနှင့် အလုံခြုံဆုံးအခန်းတွင် ပုန်းအောင်းခိုလှုံရန်။
- အဆိုပါ အခန်းတွင်ဆန်အိတ်များ၊သဲအိတ်များ (သို့)ဘိလပ်မြေအိပ်များ စသည်တို့ကို အသုံးပြု၍ ပုန်းအောင်းစရာ နေရာဖန်တီးထားရန်။
- မှန်ကာထားသည့် အခန်း၊ အပြင်ဘက်နှင့် ထိစပ်နေသည့် အခန်းမျိုးကို အသုံးမပြုရန်။
- မိမိနေအိမ်အနီးတွင် လက်နက်ကြီးပစ်ခတ်သံ ကျယ်လောင်စွာကြားရပါက  သက်ကြီးရွယ်အိုများ၊ မီးနေသည်များနှင့် ကလေးသူငယ်များ အလွန်အမင်း ထိတ်လန့်နိုင်သည်အတွက် နားတွင်းပိတ်ဆို့စရာ (Ear Plug)၊ ဂွမ်းစ၊ပတ်တီးလိပ် စသည်တို့ကို အသုံးပြု၍ နားတွင် ပိတ်ဆို့ထားပေးရန်။
- ပြင်းထန်သည့် ပေါက်ကွဲသံကြောင့် နားစည်ကွဲနိုင်သည့်အတွက် နားကိုပိတ်ပြီး ပါးစပ်ကို “ဟ”ထားပေးရန်။

- မိမိနှင့်နီးကပ်သည့် အကွာအဝေးမှ လေယာဉ်သံကြားခဲ့ပါက အပြင်ဘက်သို့ (လုံး၀) ထွက်မကြည့်ဘဲ ပုန်းအောင်းနေသည့် နေရာမှာပင် ဆက်လက်နေထိုင်ရန်။
- အသုံးပြုပြီး မပေါက်ကွဲသေးသော စစ်လက်နက် ခဲယမ်းပစ္စည်းများ(လက်ပစ်ဗုံး၊မော်တာကျည်၊ဒုံးကျည်)တွေ့ပါက အလွန်အန္တရာယ်ကြီးမားသဖြင့် ကိုင်တွယ်ခြင်း၊ထိခြင်း၊ခြေဖြင့်ကန်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ မီးရှို့ခြင်းများ (လုံး၀)မပြုလုပ်ပါရန်။ ၎င်းတို့သည် ပေါက်ကွဲလုလုဖြစ်နေတတ်ပြီး အသာအယာတို့ထိ မိရုံဖြင့် ပေါက်ကွဲနိုင်သည်။


CHINA MEDICAL BOARD



BMA

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

# မီးဘေးအန္တရာယ်



- မီးငြိမ်းသတ်ရန် အတွက်ပစ္စည်းများ (မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊ မီးသတ်ဆေးဗူးများ) အသင့်ထားရှိပါ။
- အရေးပေါ်ချိန်တွင် သယ်ယူရမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- ဆေးလိပ်မီးတိုများ၊ မီကြွင်းမီးကျန်များအား အထူးသတိပြုပါ။
- ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက်မပါဘဲ အသုံးမပြုရ။
- အိပ်ယာ၊ ခြင်ထောင်၊ နံရံ စသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။

## မီးလောင်နေစဉ် မီးငြိမ်းသတ်ရန်နည်းလမ်းများ

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မီးခိုးများပြည့်နေသော အခန်းအတွင်းမှ လွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်သို့တွားသွားခြင်းဖြင့် အောက်ဆီဂျင်ပြတ်လပ်ခြင်းကိုကာကွယ်နိုင်ပြီးရှေ့မြင်ကွင်းကို ကောင်းစွာမြင်စေနိုင်သည်။

### လူနှင့်အဝတ်အစားများကို မီးလောင်ပါက -

- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသော အဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။

### ဓါတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း -

- ရေစိုအဝတ်၊သဲတို့နှင့်အုပ်၍ (သို့) မီးသတ်ဆေးဘူး
- အသုံးပြု၍ မီးငြိမ်းသတ်ပါ။
- ရေဖြင့်မငြိမ်းရ။

### လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း -

- ပင်မ မိန်းခလုတ်ကို ပိတ်ပါ။
- ခြောက်သွေ့သော အဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ပါ။

### အိမ်သုံး၊ ဂတ်စ်အိုး၊ မီးလောင်ခြင်း -

- ဓါတ်ငွေ့ထွက်ပေါက်ကိုလက်(သို့)သင့်လျော်သောပစ္စည်းဖြင့် ပိတ်ပါ။
- မီးသတ်ဆေးဘူးအသုံးပြုပါ။

## မီးငြိမ်းပြီးပါက

- ထိခိုက်ဒဏ်ရာရသူများကို စစ်ဆေးပြီးလိုအပ်သော အကူအညီများပေးပါ။

CHINA MEDICAL BOARD

BMA

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

# မိုးခေါင်ရေရှားအန္တရာယ်

- မိုးခေါင်မှုအန္တရာယ်ကို အမြဲစောင့်ကြည့်ပါ။
- ရာသီအလိုက်ဖြစ်ပေါ်သော မိုးခေါင်ရေရှားခြင်း လက္ခဏာများ- ပူပြင်းခြောက်သွေ့သည့်ကာလ ကြာရှည်လာခြင်း၊ စိမ်းလန်းသော သစ်ပင်များ ညှိုးနွမ်းခြောက်သွေ့လာခြင်း၊ ရေတွင်းရေကန်များ လျော့ပါး ခြောက်သွေ့လာခြင်း ။
- မိုးရေနှင့် ရရှိင်သည့်အရင်းအမြစ်များမှ ရေများကို နည်းလမ်းစုံ သုံးပြီး ကြိုတင်စုဆောင်းထားပါ။
- ရေကို ခြိုးခြံချွေတာသုံးစွဲပါ။ ချိုးရေ သုံးရေများကို အခြား သင့်တော်သည့်နေရာများတွင်ပြန်လည် အသုံးပြုပါ။
- ပူပြင်းခြောက်သွေ့မှု လွန်ကဲသောကြောင့် ဖြစ်ပေါ်လာတတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- ကျန်းမာရေးနှင့်ပတ်သက်သော ဆောင်ရန်/ရှောင်ရန် အချက်များ သိရှိပြီး လိုက်နာဆောင်ရွက်ပါ။
- သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ် များ၊ မသန်စွမ်းသူများကို ဦးစားပေးစောက်ရှောက်ပါ။
- ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို မိမိတတ်စွမ်းသရွေ့ ဆောင်ရွက်ပါ။
- ယခင်အတွေ့အကြုံများကို အခြေခံပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပါ။ စိမ်းလန်းစိုပြေရေး၊ ရာသီဥတု ဖောက်ပြန်မှု လျော့နည်းစေရန်အတွက် သစ်တောများကို စိုက်ပျိုးထူထောင်ပါ။

**ဘေးအန္တရာယ် ကျရောက် နိုင်ခြေရှိသော ဒေသများတွင် နေထိုင်သူများ အနေဖြင့် အောက်ဖော်ပြပါ အရေးပေါ်သုံး ပစ္စည်းများရှိမရှိဆန်းစစ်ပါ။**

သောက်သုံးရေနှင့်ဓာတ်ဆားများ

ကြာရှည်ခံ အစားအစာများ

(စည်သွတ်ဘူးများ၊ ခေါက်ဆွဲခြောက်၊ မုန့်ခြောက်များ)

ရှေ့ဦးသူနာပြုပစ္စည်းများနှင့် ပုံမှန်သုံးစွဲနေသည့် ဆေးဝါးများ

အရေးပေါ်ခြုံစောင် နှင့် အဝတ်အစားများ


အကြမ်းခံဖိနပ်

ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့်ရေဒီယို

လက်နှိပ်ဓါတ်မီး/မီးအိမ်နှင့် ဓါတ်ခဲအပိုများ၊ ဘက်ထရီများ

ပေါက်တူး၊ ပေါက်ပြား၊ အိတ်ဆောင်ဓါး၊ ကြိုး၊ ဆပ်ပြာ၊

သွားတိုက်ဆေး



CHINA MEDICAL BOARD

BMA

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

# ရေဘေး



## မဖြစ်ခင်

- မိုးလေဝသသတင်းများကို နားထောင်ပါ။
- အရေးပေါ် ဖုန်းနံပါတ်များ မှတ်ထားပါ။
- အရေးကြီးစာရွက်စာတမ်းများကို ရေမစိုအောင် သိမ်းထားပါ။
- ရေစိုပျက်စီးနိုင်သောပစ္စည်းများကို မြင့်သောနေရာတွင် ထားရှိပါ။
- အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ငှက်ပျောတုံး၊သစ်တုံး၊ ကားတာယာအစရှိသည့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- သောက်သုံးရေများကြိုတင်စုဆောင်ထားပါ။
- အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာနှင့် မိသားစုဆုံရပ်ကိုကြိုတင် သတ်မှတ်ထားပါ။
- တိရစ္ဆာန်များကို မလိုအပ်ဘဲချည်နှောင်ထားခြင်း မပြုပါနှင့် ။
- လျှပ်စစ်ပစ္စည်းများကို အသုံးမပြုဘဲ ခလုတ်များပိတ်ထားပေးပါ။

## ရေတက်နေစဉ်

ရေထဲသို့ မလိုအပ်ဘဲ မဆင်းပါနှင့်။

- ကမ်းပါးပြိုတတ်သဖြင့် မြစ်၊ ချောင်းကမ်းပါးအနီးသို့ မသွားပါနှင့်။
- မိသားစုဝင်များ စုံမစုံ စစ်ဆေးပါ။
- မြွေဆိုးအန္တရာယ် သတိပြုပါ။
- အန္တရာယ် ရှိနိုင်သော ဓါတ်ကြိုးများ၊သစ်ပင်၊ သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။
- ရေကြီးခြင်းနောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။
- သောက်ရေသန့်၊ ကျိုချက်ထားသောရေကိုသာ သောက်ပါ။

CHINA
MEDICAL
BOARD

# မြေပြိုခြင်း

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း



## မဖြစ်ခင်

မြေပြိုမည့်ရှေ့ပြေးလက္ခဏာများ

- နေအိမ်တခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အုတ်နံရံများအက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊ သစ်ပင်များစောင်းလာခြင်း၊
- မြေများအက်လာခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ပြောင်း ရွှေ့ရန် လိုအပ်ပါသည်။
- မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ။
- မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများပြုလုပ်ပါ။
- ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ။

## မြေပြိုကျပြီးနောက်

- မြေပြိုမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်။
- မြေပြိုမှုဖြစ်နေသောနေရာများတွင်ရောက်ရှိနေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ၊ အမြန်ဆုံးမရှောင်ခွာနိုင်ပါက နီးစပ်ရာ ခိုင်ခန့်လုံခြုံသောနေရာ /အဆောက်အအုံများတွင်ခိုလှုံပါ။
- မြေပြိုထားသောပတ်ဝန်းကျင်၊အဆောက်အအုံများနှင့် ဝေးဝေးနေပါ။ မြေပြိုခြင်းဒဏ်ခံရသောနေအိမ်၊အဆောက်အအုံများအား သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။
- မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာ ကျေးရွာ လူကြီးသို့ ချက်ချင်းအကြောင်း ကားပါ။

CHINA MEDICAL BOARD

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

# မိုးကြိုးပစ်ခြင်း



## မဖြစ်ခင်

- နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲတပ်ဆင်ပါ။
- ကလေးသူငယ်၊အမျိုးသမီး၊သက်ကြီးရွယ်အိုနှင့် မသန်စွမ်းအပါအဝင် မိသားစုဝင်များအား မိုးကြိုးအန္တရာယ်နှင့်ဆောင်ရန်၊ ရှောင်ရန် သတိပေးချက်များ  အသိပေးထားပါ။
- ရေသုံးစွဲခြင်း၊ ရေချိုးခြင်းမပြုရ။
- တယ်လီဖုန်း အသုံးမပြုပါနှင့်။
- သတ္တုနှင့် ဆက်စပ်ပစ္စည်းများတွင် လျှပ်စီးဝင်နိုင်သည်ကို သတိပြုပါ။
- သံနှင့်ပြုလုပ်ထားသောအရာများနှင့် ဝေးဝေးနေပါ။
- ကွင်းပြင်/သစ်တောများထဲသို့ ရောက်ရှိနေပါက သစ်ပင်ငယ်များ ရှိနေသည့် အနိမ့်ပိုင်းသို့ ဝင်ရောက် အကာအကွယ်ယူပါ။ လူစုလူဝေး ဖြစ်နေပါက အမြန်ဆုံးလူခွဲပါ။
- ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။
- ဝမ်းလျားမမှောက်ပါနှင့်။
- စက်ဘီး၊ ဆိုင်ကယ်ပေါ်တွင် ရှိနေပါက အမြန်ဆုံးဆင်းပါ။

## လျှပ်စီးလက်ပြီးနောက်

- မိုးကြိုးပစ်ပြီး နာရီဝက်ခန့်အကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။
- မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ပြီး နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှုပါ။
- လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းကို သတိထားရှောင်ရှားပါ။

CHINA MEDICAL BOARD

BMA

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း

# မုန်တိုင်း

## သတိပေးချက်ရလျှင် ပြင်ဆင်ရန်များ





- ကြာရှည်ခံ အစားအစာများနှင့် ရေသန့်စုဆောင်ထားပါ။ အရေးပေါ် အသုံးပြုနိုင်သော ဘက်ထရီမီးအိမ်၊ဖယောင်းတိုင်၊ လက်နှိပ်ဓါတ်မီး စသည်များနှင့်ရေဒီယိုများ၊အိမ်သုံးဆေးဝါးများ ၊အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့် အတူထားရှိပါ။
- မိုးလေဝသ သတင်းများကို နားထောင်ပါ။
- မွေးမြူထားသောတိရစ္ဆာန်များကိုလုံခြုံရာကုန်းမြင့်သို့ရွှေ့ပြောင်းပါ။
- မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ။
- အိမ်အနီးရှိ ကျိုးကျနိုင်သောသစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ။
- မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။
- အရေးကြီးသော ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအား ရေတက်လျှင် လွတ်နိုင်သော အမြင့်သို့ရွှေ့ထားပါ။

### လေပြင်းမုန်တိုင်းတိုက်ခတ်စဉ်

- မုန်တိုင်းဗဟိုဖြတ်သန်းနေစဉ် ခေတ္တလေငြိမ်သော်လည်း၊ မကြာမီ ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ တိုက်ခတ်လာနိုင်သည်ကို သတိပြုပါ။
- လေပြင်းတိုက်ခတ်ချိန်တွင် လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။ အိမ်ထဲတွင်နေပါ။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။
- မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင်နေထိုင်ပါ။
- လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့)ခိုင်ခံ့သော အရာဝတ္ထုတခုခုအောက်တွင် အကာအကွယ်ယူနေပါ။ ရေဒီယို(သို့)တီဗွီဖွင့်ထား၍ နောက်ဆုံးရမုန်တိုင်းသတင်းကို နားထောင်ပါ။
- တိရစ္ဆာန်များကို မလိုအပ်ဘဲ မချည်နှောင်ထားပါနှင့်။
- ကျိုးကျ၊ယိုင်လဲနေသောဓါတ်တိုင်များ၊ဓါတ်ကြိုးများ၊သစ်ပင်၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။
- အိမ်အတွင်းသို့ ပြန်မဝင်မီ အိမ်၏ကြံ့ခိုင်မှုကို ဦးစွာစစ်ဆေးပါ။ အန္တရာယ်ရှိသော တိရစ္ဆာန်များအိမ်အတွင်း ဝင်ရောက်ကျန်ရစ်ခဲ့ခြင်း ရှိမရှိ စစ်ဆေးပါ။
- သန့်ရှင်းသောသောက်သုံးရေ (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့ မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ သောက်သုံးပါ။

CHINA MEDICAL BOARD